# ကမန်တိုင်းရင်းသား တိုးတက်ရေးပါတီမှ တာဝန်ရှိသူတစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း

၆/၂၇/၂၀၁၀

ကမန်တိုင်းရင်းသား တိုးတက်ရေးပါတီမှ တာဝန်ရှိသူတစ်ဦးကို လက်ရှိပါတီ၏ရပ်တည်ချက် အခြေအနေများနှင့် အနာဂတ်မျှော်မှန်းချက်များအပါအဝင် လက်ရှိ အသုံးပြုရန်တင်ပြထားသော အဖွဲ့ အလံအပေါ် ကန့်ကွက်ခံရခြင်းတို့နှင့် စပ်လျဉ်း၍ နိရဥ္စရာသတင်းထောက် မိညိုမှ ဆက်သွယ်မေးမြန်းရာ သူက ယခုကဲ့သို့ပြန်လည်ဖြေဆိုထားပါသည်။

မေး။ ။ ကမန် တိုင်းရင်းသား တိုးတက်ရေးပါတီမှာ ဘာတာဝန်ကိုယူထားပါသလဲ။

ဖြေ။ ။ ကျွန်တော့ နာမည်ဇော်ဝင်းပါ။ အတွင်းရေးမှူး(၂)နှင့်ပြန်ကြားရေးမှူးတာဝန်ကို ယူထားပါတယ်။ ရုံးကတော့ တာမွေမြို့ မေတ္တာညွန့်ရပ်ကွက် မြလေးရုံလမ်းမှာ ဖွင့်လှစ်ထားပါတယ်။ အခု လောလောဆယ်တော့ မှတ်ပုံတင်ထားတာ မကျသေးတဲ့အတွက် ရုံးဆိုင်းဘုတ်တော့ မတင်ဖြစ်သေးပါဘူး။

မေး။ ။ ပါတီရဲ့ မှတ်ပုံတင်ထားတဲ့အလံတံဆိပ်ကို ကန့်ကွက်ခံထားတယ်လို့ သိရပါတယ်။ အဲဒီအပေါ် အမြင်လေးသိပါရစေ။

ဖြေ။ ။ ပါတီရဲ့ အလံတံဆိပ်ကို ကန့်ကွက်ခံရတာ ကျွန်တော်တို့ဖက်က လိုအပ်ချက်ဖြစ်ပါတယ်။ ဘာလို့လဲဆိုရင် ဒီအမှတ်တံဆိပ်က ရခိုင်တစ်ပြည်နယ်လုံးနဲ့သက်ဆိုင်နေတဲ့ တံဆိပ်ကို ခွင့်ပြုချက်မယူပဲ လုပ်မိသွားတဲ့အတွက် ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြန်ပြင်မလို့ လုပ်ထားပြီးပါပြီ။ တံဆိပ်ဖြုတ်ပြီး အရုံကြယ်တွေကိုပဲ ထားရှိမှာဖြစ်ပါတယ်။

မေး။ ။ ပါတီ ဘယ်လိုဖွဲ့စည်းပုံအနေအထား သိပါရစေ။

ဖြေ။ ။ ပါတီကို ကမန်အမျိုးသားတွေက စုစည်းပြီး ဖွဲ့စည်းတည်ထောင်ထားတာဖြစ်ပါတယ်။ အဖွဲ့ကို ကော်မတီ ၁၆ ဦးနဲ့ ဖွဲ့စည်းထားပါတယ်။ အဖွဲ့ဝင်တွေကိုတော့ မှတ်ပုံတင်ကျမှပဲ ခေါ်ယူ စုဆောင်းသွားဖို့ ဆုံးဖြတ်ထားပါတယ်။

မေး။ ။ အဖွဲ့ရဲ့ ရည်ရွယ်ချက်နဲ့ ဦးတည်ချက်ကိုကော ပြောပြလို့ရနိုင်ပါမလား။

ဖြေ။ ။ ရခိုင်ပြည်နယ်တစ်ခုလုံး တိုးတက်ရေးနဲ့ မိမိတို့လူမျိုးတစ်ရပ်လုံး တခြားပြည်ထောင်စုဖွား တိုင်းရင်းသားတွေနဲ့အတူ တိုးတက်ဖွံ့ဖြိုးရေးကို အဓိကထား ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

မေး။ ။ အခု ရွေးကောက်ပွဲဝင်မယ့်ပါတီတွေ ရင်ဆိုင်နေရတဲ့ အကြီးမားဆုံးပြဿနာက ဘဏ္ဍာရေးဆိုတော့ အဖွဲ့ရဲ့ ရံပုံငွေအတွက် ဘယ်လိုလုပ်ဆောင်မှုတွေ ရှိပါသလဲ။

ဖြေ။ ။ ရံပုံငွေအတွက်ကတော့ ပါတီထောင်မယ်လို့ ဆုံးဖြတ်ချက်ကျပြီးတဲ့နောက်မှာ ကျွန်တော်တို့ လူမျိုးတွေကို ရန်ကုန်မြို့ ဒေါ်စောရီခန်းမမှာ မိတ်ဆုံစားပွဲပြုလုပ်ပြီးတော့ လူမျိုးအတွက် အနစ်နာခံ လုပ်ဆောင်သွားမယ်ဆိုပြီး ရံပုံငွေ စုဆောင်းကောက်ခံခဲ့ပါတယ်။ နောက်ပိုင်းမှာလဲ အလှူငွေတွေနဲ့ပဲ ရပ်တည်သွားမှာဖြစ်ပါတယ်။ အဖွဲ့ဝင်ကြေးတို့ ကောက်ခံခြင်းကိုတော့ မပြုလုပ်ဘူးလို့ ဆုံးဖြတ် ထားသလို ရံပုံငွေရှာဖွေခြင်းကိုလဲ ကြီးကြီးကျယ်ကျယ် မလုပ်ဘူးလို့ ဆုံးဖြတ်ထားကြပါတယ်။

မေး။ ။ စည်းရုံးရေးနယ်မြေတွေနဲ့ပတ်သက်ပြီး ဘယ်လို သတ်မှတ်ချက်၊ ရာတားချက်များရှိပါသလဲ။

ဖြေ။ ။ ကျွန်တော်တို့က ပြည်နယ်တစ်ခုတည်းကိုသာ ယူထားတော့ အဖွဲ့ဝင် ၅၀၀ ကို ရွေးကောက် ပွဲကော်မရှင်ကို တင်ပေးရမှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ မိမိတို့ လူမျိုးတွေကိုပဲ အဖွဲ့ ဝင်အဖြစ်စည်းရုံးသွားမှာဖြစ်ပြီးတော့ တခြားလူမျိုးတွေ အနေနဲ့လည်း စိတ်ပါဝင်စားရင် အဖွဲ့ဝင်အ ဖြစ် ပါဝင်လို့ရပါတယ်။ ရခိုင်ပြည်မှာရှိတဲ့ လူမျိုး(၇)မျိုးလုံးကို စည်းရုံးသွားမှာပါ။ ပြည်မမှာတော့ စည်းရုံးရေးဆင်းမယ့် အစီအစဉ်မရှိပါ။

မေး။ ။ ကမန်တိုင်းရင်းသား ပါတီအနေနဲ့ ရခိုင်ပြည်နယ်ထဲက ကိုယ်စားပြုပါတီ တစ်ခုဆိုတော့ ရခိုင် ပြည်က တခြားကိုယ်စားပြုပါတီတွေအပေါ်မှာကော ဘယ်လိုထင်မြင်ချက်များ ရှိပါသလဲ။

ဖြေ။ ။ ထင်မြင်ယူဆချက်တော့ ပြောစရာသိပ်မရှိပါ။ ကျွန်တော်တို့လည်း ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုး တက်ရေးအတွက် တစ်ဖက်တစ်လမ်းက လုပ်ဆောင်မယ့်လူတွေဖြစ်တဲ့အတွက် တခြားပါတီတွေအ ပေါ် လက်တွဲဖေါ်လက်တွဲဘက်တွေအဖြစ် သဘောထားပါတယ်။ ကျွန်တော်တို့ မှတ်ပုံတင်ကျတဲ့အ ခါ ရခိုင်ပြည်နယ်က တခြားပါတီတွေနဲ့ ညှိနှိုင်းပွဲတွေ မိတ်ဆုံစားပွဲတွေပြုလုပ်သွားပြီး တိုင်ပင်မှုတွေ ပြုလုပ်သွားမလို့ စဉ်းစားထားပါတယ်။

မေး။ ။ ရွေးကောက်ပွဲပြီးရင် ပါတီရပ်တည်ချက်လမ်းကြောင်းကို ဘယ်လို သတ်မှတ်ရွေးချယ်ထားပါ သလဲ။

ဖြေ။ ။ ရွေးကောက်ပွဲပြီးသွားလို့ အနိုင်ရရင်တော့ ဦးတည်ချက်အတိုင်း ဆက်လက်လှုပ်ရှားသွားရုံပါ ပဲ။ အကယ်၍ အနိုင်မရခဲ့ရင်တော့ မိမိတို့ ကမန်လူမျိုးတွေ ပညာရေး၊ စီးပွားရေး၊ လူမှုရေးအပိုင်း မှာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ရပ်တည် ကြိုးပမ်းသွားမှာဖြစ်ပါတယ်။

(ကမန်လူမျိုးများမှာ ရခိုင်မျိုးနွယ်စုဝင်အဖြစ် သတ်မှတ်ခံထားရသော မြန်မာနိုင်ငံမှ တိုင်းရင်းသားလူ မျိုးတစ်မျိုးဖြစ်ပြီး အစ္စလာမ်ဘာသာကို ကိုးကွယ်သူများဖြစ်သည်။)